

သျှူး

# မသေသော်တာနှင့်ကျောပေါက်သရဲ

၁၉၉၈ ပြည့်နှစ်အလွန်နာမည်ကြီးခဲ့သောကျောပေါက်သရဲ
နှင့်ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှ
ဖြစ်ရပ်မှန် ဇာတ်လမ်းအားကျောရိုးပြုရေးဖွဲ့ထားပါသည်။

# မေသော်တာနှင့် ကျောပေါက်သရဲ

(၁၉၉၈ ဝန်းကျင်ခန့်က နာမည်ကြီးခဲ့ဖူးသော ကျောပေါက်သရဲနှင့် ဆောက်လုပ်ရေး လုပ်ငန်းခွင်မှ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုအား ကျော ရိုးပြု၍ ရေးဖွဲ့ထားပါသည် ။)

"ပစ္စည်းတွေ ဒီဘက်မှာ ချ"

"အဲဒီသေတ္တာက ဒီနား မှာ ထားလိုက် ဦးလေး"

မေသော်တာ တစ်ယောက် မိမိ၏ အထုပ်အပိုး ပစ္စည်းများအား light -truck ကားပေါ်မှ ကားသမား ဦးလေးနှင့် အတူ ဝိုင်းကူချရင်း အလုပ်ရှု ပ်နေသည် ။

မေသော်တာ ဆိုသော ကျွန်မသည် ကျောင်းပြီးစ အင်ဂျင်နီယာ ပေါ က်စလေး တစ်ယောက် ဖြစ်သည် ။ ကျောင်းပြီး၍ ဦးလေး တော်စပ်သူ ၏ ကန်ထရိုက် ယူထားသော ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ အလုပ် သင် အဖြစ် ယခုဝင်ရောက်ခဲ့ခြင်း ဖြစ်သည် ။ မေသော်တာ ဦးလေး၏ ဆောက်လုပ်ရေး လုပ်ငန်းခွင်သည် ရန်ကုန်အင်းစိန် ကြို့ကုန်းရှိ ယခင် စက်မှု့ တက္ကသိုလ် ကျောင်းဝန်း အတွင်းတည်ရှိသည် ။ မေသော်တာသ ည် နယ်မြို့နည်းပညာ တက္ကသိုလ် တစ်ခုမှ သာ ဘွဲ့ရခဲ့သူ ဖြစ်သည် ။ ထို ကြောင့်သူမတို့ အင်ဂျင်နီယာ လောက၏ အထင်ကရ သမိုင်းဝင် ဖြစ် သော အင်းစိန်ကြို့ကုန်းရှိ ယခင်စက်မှု့ တက္ကသိုလ် ကျောင်းတော်ကြီး

သို့ ခြေချခွင့်ရခဲ့ခြင်းအပေါ် အလွန် စိတ်လှုပ်ရှား နေမိသည် ။

ထိုသို့ စိတ်လှုပ်ရှား နေမိသည် မှာ သူမတစ်ယောက်တည်း မဟုတ်။ သူမ၏ သူငယ်ချင်းခိုင်မာနွယ်နှင့် ခြူးခြူးကိုတို့ ပါပါ၏။

ခိုင်မာနွယ်နှင့် ခြူးခြူးကိုမှာ သူမနှင့် အတူ တစ်မြို့တည်း တက္ကသိုလ်ငါးနှစ်လုံး အတူတူ တက်ခဲ့သည် သူငယ်ချင်းများ ဖြစ်ကြသည် ။ ယခု အလုပ်သို့ အင်ဂျင်နီယာ အလုပ်သင်အဖြစ် အတူတူ ဝင်ရောက်ခဲ့ကြပြီး ရန်ကုန်ဝိုင်အိုင်တီ ကျောင်းဝင်းအတွင်း အလုပ်လုပ်ခွင့်ရခြင်း အပေါ် ကျေနပ် ပျော်ရွှင် နေကြသည် ။

"ကဲပစ္စည်းတွေတော့ နေရာချတန် သလောက် ချပြီးပြီ ခဏ လှဲလိုက်ဦးမယ်"

ဟု ခြူးခြူးကိုက ပြောရင်း အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်သည် ။ သူမတို့ အသစ် အင်ဂျင်နီယာ သုံးယောက် အတွက် ကုမ္ပဏီမှ သုံးယောက်ခန်း တစ်ခန်း ပေးထားသည် ။ အခန်းဟု ဆိုသော်လည်း ငါးထပ်သားပြားဖြင့် ကာရံထားသော အခန်းသာဖြစ်ပြီး သံမံတလင်း ခင်းအခန်း ဖြစ်သည် ။ ဆောက်လုပ်ရေး သမားများ နေထိုင်ရန်အတွက် ယာယီ ဆောက်လုပ်ထားသော တန်းလျားများ သာ ဖြစ်သည် ။

သူမတို့ အခန်း၏ နောက်ဘက်တွင် တော့ တာလပတ်များ ထရံများဖြင့် ကာရံထားသော ရေချိုးခန်း ရှိသည် ။ ဘေးဘက် အခန်းကတော့ ဆောက်လုပ်ရေး ပစ္စည်းများ ထားသည့် စတိုခန်းဖြစ်ပြီး စတိုခန်း၏ ဘေးဘက်တွင် မှ အိမ်သာခန်း ဖြစ်သည် ။ ကျန်လူနေ အဆောင်များ နှင့် သူမတို့ သုံးယောက် နေထိုင်ရာ တန်းလျားမှာ အနည်းငယ် လှမ်း၏။ အလုပ်ဝင်သောအခါ သူမတို့ သုံးယောက်အတွက် အခန်းလွတ် မကျန်၍ စတိုခန်း ဘေးရှိအခန်းကို ပြင်ဆင်ပြီး နေခွင့်ပေးလိုက်ခြင်း ဖြစ်သည် ။

ဆောက်လုပ်ရေး လုပ်ငန်းခွင်သည် ဝိုင်အိုင်တီ ကျောင်းဝင်းအတွင်း တည်ရှိပြီး လေးဘက်လေးတန် သွပ်ပြားများ ဖြင့် စနစ်တကျ ကာရံထားသဖြင့် သူ့အဝန်းအဝိုင်းနှင့်သူ တည်ရှိနေသည် ။ သူမစိတ်ထင် ဆောက်လုပ်ရေး ဧရိယာ ပေ ၂၀၀ပတ်လည်ခန့် ကျယ်မည် ထင်သည် ။ ဆောက်လုပ် ရမည်မှာ လည်း ၅ထပ် ကျောင်းဆောင်ကြီး ဖြစ်သည် ။ ဆောက်လုပ်ရေး လုပ်ငန်းခွင် လုံခြုံရေး စည်းမျဉ်းများ အတိုင်း လုပ်ငန်းခွင်ကို လေးဘက်လေးတန် ခြံစည်းရိုးခတ် ကာရံထားပေမဲ့ မေသော်တာတို့ တန်းလျားး၏ နောက်ဘက်ခြမ်းတွင် ကျောင်းဆောင်တစ်ခု ရှိပြီး ထိုကျောင်းဆောင်ကို အုတ်တံတိုင်း ခတ်ထားသဖြင့် ထိုအခြမ်းကိုတော့ ကာရံရန် မလိုတော့သောကြောင့် သွပ်ပြားတံတိုင်းသည် သုံးဖက်သာ ရှိသည် ။